**လောကသုခံ အတိပီယံ၊ ဇာတျာဒိ သဗ္ဗဒုက္ခံ**

**ဗာလေဟိ နိစ္စပဋ္ဌေန္တံ၊ ပဏ္ဍိတေဟိ ဒုက္ခသစ္စံ။**

**လောကေ** – ဖြစ်ကြပျက်ကြမမြဲကြတဲ့လောကကြီးထဲ၌ ၊ **ဗာလေဟိ** – သူ့စည်းစိမ်၊ ငါ့စည်းစိမ် သူငါစည်းစိမ်၊ လူ့စည်းစိမ် နတ်စည်းစိမ် လူနတ်စည်းစိမ် မီးရှိန်မီးတောက် ထင်းမြောက်၍ကူ နတ်လူမကျန်၊ အပူရန်ဖိစီး၊ ဒုက္ခသည်လူမိုက်ကြီးတို့သည်၊ **ဗလာကသုခံ** – အာရုံလိုက်ရပြန်တော့ မျက်တောင်တယှက်၊ ကောင်းတယ်ထင်ကလျှပ်တပျက်၊ ခံစားဆဲမှာတော့၊ အိပ်မက်မျှချမ်းသာ၊ ဘရမ်းပတာ ပွေလိမ်ရှုပ်ပါလို့၊ ရေတိမ်မှာနစ်ခါမြုတ်တယ်၊ ထမင်းတဆုတ်၊ ဟင်းတလုတ်ကယ်နှင့် သတင်းပုပ်ပါတဲ့ဤခန္ဓာ။ ဤခန္ဓာဘယ်ကရတယ်၊ ဟောဒီတဏှာကရတယ်၊ အဲသလိုကောင်းတယ်ထင်ကြတဲ့လောကီသုခကို၊ **အတိပီယံ** – ချစ်လို့လဲမဆုံး၊ ကြိုက်လို့လဲမဆုံး အော်.....နှစ်သက်လို့မဆုံးနိုင်တဲ့ အချစ်ဆုံးလောကဘဝတဏှာ၊ ရေတံခွန်ဖြာ၍၊ လွန်စွာထံပြင်း၊ အချစ်အသင်းကြီးတွေဖွဲ့ပြီးတော့။

**နိစ္စပဋ္ဌေန္တံ** – ဘုရားပုထိုးရှိခိုးဦးချ၊ ကုသလအဖြာဖြာ၊ ဝတ်တက်ဝတ်ကပ်ပြုကြတဲ့အခါ၊ ဘဝတိုင်း၊ ကမ္ဘာတိုင်း ရက်လမဆိုင်းဘဲ၊ လူမင်းရဲ့စည်းစိမ်၊ နတ်မင်းရဲ့စည်းစိမ် ငြီးထိန်တဲ့မီးရှိန်ကို မမြင်ကြသဖြင့်၊ နိဗ္ဗာန်ကိုမရခင်စပ်ကြား၊ ကောင်းမှုထိုထိုကို၊ တောင်းဆုဆိုပတ္တနာကြသည်ဖြစ်၍၊ **ဂစ္ဆန္တိ** – နေရေးကိုတဲ့ မဆင်ခြင်၊ သေဘေးကိုတဲ့ဉာဏ်မမြင်၊ အမှန်ပင်သမ္မာဒိဋ္ဌိဉာဏ်အမြင်ကမထား၊ ငါ့မှာတော့ တကယ်မုချ အထုတ်ရပြီလို့ပြောတာက၊ ထက်နတ်ဗြဟ္မာသိကြား ထင်လုံးမြင်လုံးတွေ စက်ရဟတ်ပမာသွားသကဲ့သို့၊ တနေ့ကြတော့အပါယ်လေးပါးသို့ ဆက်စပ်ခါလားကြလေကုန်၏။

**ပဏ္ဍိတေဟိ** – မဟာပညာဝန်တဆူ၊ ဝိဇ္ဇာဉာဏ်တွေ၊ အောင်တံခွန်ထူကြတဲ့၊ လူရှင်အပေါင်း အရိယာ သူတော်ကောင်းတို့သည်၊ **ဇာတျာဒိ သဗ္ဗဒုက္ခံ** – ဇာတိအစအလုံးစုံသော ဒုက္ခဟူသမျှကို၊ ဝါ အမိဝမ်းတွင်းက အစ ဒုက္ခကိုမြင်၊ ရှုပ်လှတဲ့ဘဝကိုမဆင်ခြင်၊ မုချ ဓနရှင်ဆိုတာကဇာတိအစ၊ ကလလရေကြည် အခြေတည် တာကိုမသိကြ မကြောက်ကြသဖြင့်၊ ရောက်ရမဲ့အလုံးစုံ၊ ဒုက္ခပေါင်းစုကာဆုံ၊ မျှမကုန်တဲ့လူ့ဘုံဌာန၊ ခုကြုံခါလာကြတဲ့၊ ပါဝါပြ ယောဂီတွေ (ဟောသည်မလေ) ပါဋ္ဌိပြရမှာဖြင့်၊ ဇာတိအစ ဥပါယာသအဆုံး၊ (၁၁)ပါးသောဒုက္ခထုံးကို၊ ဒုက္ခသစ္စံ – ကောင်းတယ် ချမ်းသာတယ်လို့ပြောကြတာက လောကစကား၊ ဂေါတမတရားမှာတော့ ဆင်းရဲကြောင်းဇကန်အမှန်ဟု၊ ဝေဘန်ခါ ဒုက္ခသစ္စာဉာဏ်ကို ကိုယ်ပိုင် ရကြသည်ဖြစ်၍၊ **ဂစ္ဆန္တိ** – အမှန်တရားကို သိကြသဖြင့်၊ သန္တိသုခသို့ကြွကြလေကုန်၏။

**ဂစ္ဆန္တိ** – အမှန်ကိုလဲသိ ဉာဏ်ကိုလဲမိသဖြင့်၊ အကြံပိပိနှင့် သန္တိဆိုတကယ်အေးပါသတဲ့၊ အမှန်မဝေးတဲ့နိဗ္ဗာန် စိတ်အကြံ အခိဋ္ဌာန်မြောက်ပြီမို့၊ အော် ...... နိဗ္ဗာန်သို့ရောက်ကြလေကုန်သတည်း။